Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

eBulletin

၃၁ မေလ ၂၀၀၇ | သတင်းလွှာ | အမှတ် ၃၀/၂၀၀၇



“ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးဆိုတဲ့ကိစ္စဟာ အရေးပေါ် လိုအပ်ချက် ဖြစ်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်က ကျနော်တို့ နိုင်ငံသူနိုင်ငံသားများရဲ့ ထောက်ခံမှုကို အပြည့်အဝ ရထားတာပါ။ တခါ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတကာရဲ့ ယုံကြည်ကိုးစားမှုကိုလဲ ရထားသူပါ။ အခုဆိုရင် ကမ္ဘာ့ခေါင်းဆောင်ဟောင်း (၅၉)ဦးရဲ့ ထောက်ခံချက်နဲ့ကို လွှတ်ပေးဖို့ တောင်းဆိုထားတာကို ကျနော်တို့ တွေ့နေရတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အားသာချက်တွေကို တိုင်းပြည်အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက်ကို သုံးရမှာပါ။ အဲတော့ သူ့ကို ဆွေးနွေးဖော် ဆွေးနွေးဖက်အဖြစ် မြင်ပြီးတော့ ဒီကနေ့ဆုံးဖြတ်ဖို့ အချိန်တန်နေပြီ။ သူ့ကို ပြိုင်ဘက်လို၊ ရန်ဘက်လို သဘောထားမယ့်အစား ဆွေးနွေးဖော် ဆွေးနွေးဖက်အဖြစ် နှလုံးသွင်းနိုင်တဲ့နေ့ဟာ ကျနော်တို့တိုင်းပြည်မှာ အဲဒါ အရေးပေါ်ထွက်ပေါက်ရတဲ့နေ့ တမျိုးသားလုံးအတွက် အောင်ပွဲရမယ့်နေ့ပါပဲ။”

၁၆ ရက်၊ မေလ၊ ၂၀၀၇ ခုနှစ်တွင် ကိုမင်းကိုနိုင်ကို ဒီဗွီဘီမှ အင်တာဗျူး ---

ပထမခြေလှမ်းအဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့်
တိုင်းရင်းသားခေါင်းဆောင်များ၊
နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိ
အမြင်ဆုံးပြန်လွှတ်ပေးရန် လိုအပ်ပါတယ်။

“အမှာစကား”

(စာမျက်နှာ ၂)

အစိုးမရတဲ့ ဒေသဆီကို နေ့စဉ် မြန်မာနိုင်ငံသားတွေ
တရားမဝင် စွန့်စွန့်စားစား ခိုးဝင်အောင်
တွန်းပို့ပေးနေသည့် တရားခံကို
ရှာရန်လိုကြောင်း ...

“၁၁၇ ကြိမ်မြောက် နိုင်ငံတကာအလုပ်သမားနေ့ ...”

(စာမျက်နှာ ၅)

ကျနော်တို့ဟာ
အတိုက်အခံတွေ မဟုတ်ဘူး။
ကျနော်တို့က
တော်လှန်ရေးသမားတွေ ဖြစ်တယ် ...

“ ၁၇ နှစ်မြောက် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ...”

(စာမျက်နှာ ၄)

“သူမ၏ ရပ်တည်ချက်”ဆိုသည်ကို
ဖြတ်သန်းခဲ့သည့် (၁၈)နှစ်တာကာလအတွင်း
အဘယ်မျှ ကြံ့ခိုင်သည်ကို
ကျနော်တို့ သိထားပြီးဖြစ်သည်။

“တည်ဆဲဥပဒေ၊ သူမ၏ရပ်တည်ချက်၊ ဘုရား ...”

(စာမျက်နှာ ၁၁)

“အခု ကျနော်တို့ လုပ်ရမယ့် အလုပ်ဟာ ...
စစ်အုပ်စုပြောတဲ့ ၁၁/၉၂ လမ်းကြောင်း မဟုတ်ဘူး။
ကျနော်တို့ တကယ်လုပ်ရမယ့် အလုပ်ဟာ ...
‘စု၊ လွှတ်၊ ပြန်၊ တွေ့’
ဒါမှမဟုတ် ‘စု၊ တွေ့၊ ပြန်၊ လွှတ်’ ဖြစ်တယ်။”

“ရေဆန်ဆိုတာ စုန်ရတာထက်တော့ ခက်တယ်”

(စာမျက်နှာ ၈)

ဒီကြားထဲမှာ ‘အအ’က သီချင်းဆိုချင်၊
အကျိုးက ‘က’ချင်တယ်ဆိုတာလို
တရုတ်နဲ့ ကုလားအကြား
ကစားတာမျိုးက လုပ်ချင်သေးတယ်။

“ကိုယ့်အားကိုယ်ကိုးပြီး တိုက်ပွဲဝင်ကြစို့”

(စာမျက်နှာ ၁၂)

# အမှာစကား

နအဖစစ်အုပ်စုဟာ အာဏာကို အဓမ္မသိမ်းထားပြီး လက်ကိုင်ပြုမှု သက်တမ်းကြာလာတာနဲ့အမျှ အာဏာရဲ့အရသာကို ပိုပြီးတပ်မက်လာတာကို တွေ့ရပါတယ်။ "အကြွင်းမဲ့အာဏာဟာ လူကိုအကြွင်းမဲ့ရူးသွပ်စေတတ်တယ်" ဆိုတဲ့စကားလို ဗိုလ်သန်းရွှေနဲ့ လက်တဆုပ်စာ ဗိုလ်ချုပ်ကြီးတွေဟာ စစ်တပ်အင်အားကိုသုံးပြီး လက်နက်နဲ့ အခွင့်အာဏာတွေနဲ့ အစွမ်းကုန်ဖိနှိပ်မှု၊ သွေးစုပ်ချယ်လှယ်မှု၊ ဗိုလ်ကျလွှမ်းမိုးမှုတွေကို နေရာပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံမှာ ပြုလုပ်နေပါတယ်။ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့၊ တိုင်းပြည်တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားတဲ့ လူမျိုးပေါင်းစုံပြည်သူတွေကို နိုင်ငံရေးအင်အားစုတွေကို ရန်သူလို သဘောထားပြီး ဖက်ဆစ်ဆန်ဆန် ဖိနှိပ်နေတယ်။ စစ်အုပ်စုတွင်းမှာလည်း အုပ်စုဖွဲ့ဖြိုခွဲသပ်သျှိမှုတွေ၊ အစုလိုက်အပြုံလိုက် ရှင်းလင်းဖယ်ရှားမှုတွေ၊ လုပ်ကြံသတ်ဖြတ်မှုတွေကို ပြုလုပ်ခဲ့တာ ပြုတ်သွားတဲ့ ဗိုလ်ချုပ်ကြီးတွေနဲ့ တန္တယ်ငင် တစည်ပါတွေက သက်သေပြပြီးဖြစ်ပါတယ်။

ရှစ်လေးလုံးဒီမိုကရေစီ ပြည်သူ့အရေးတော်ပုံကြီးက ရရှိခဲ့တဲ့ လူထုခေါင်းဆောင်၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲရလဒ်တွေကို အသိအမှတ်ပြုဖို့၊ ဒီနေ့ကာလ တိုင်းပြည်ရဲ့ အဆိုးဝါးဆုံး အခြေအနေတွေကို ကျော်လွှားလွန်မြောက်ဖို့အတွက် ပြည်တွင်း၊ ပြည်ပ ဒီမိုကရေစီအင်အားစုတွေက တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွေကို အမြန်ဆုံး အကောင်အထည်ပေါ်နိုင်ဖို့ရန် (၁၇) နှစ်မြောက် ရွေးကောက်ပွဲနေ့မှာ ကိုမင်းကိုနိုင် ဦးဆောင်တဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေရဲ့ ဦးဆောင်မှုနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ၊ လူထုတွေပါဝင်တဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးလှုပ်ရှားမှုဖြစ်တဲ့ ရွှေတိဂုံဘုရားပေါ်တက် ဆုတောင်းပွဲကျင်းပမှာကို စစ်အုပ်စုဟာ လူမဆန်စွာပဲ ဒုတိယ ဒီပဲယင်းလို လက်ကိုင်တုတ်တွေဖြစ်တဲ့ ကြံ့ဖွတ်တွေ၊ မီးသတ်တွေ၊ ရဲတွေ၊ အတုအယောင်လူစုတွေကို အင်အားသုံးပြီး အုပ်စုဖွဲ့ဝိုင်းရံ တိုက်ခိုက်ဖို့ ကြိုးစားတာကို တွေ့ရပါတယ်။ ဒီလုပ်ရပ်ဟာ ဒီမိုကရေစီကို လိုလားတဲ့ ပြည်သူလူထုကြီးတစ်ရပ်လုံးကို နိုင်ငံတကာအင်အားစုတွေကို ဆန့်ကျင်ပြ၊ စော်ကားပြလိုက်တာဖြစ်သလို အာဏာနဲ့ပတ်သက်ရင် ဘာကိုမဆိုလုပ်မယ်ဆိုတဲ့ စစ်အုပ်စုရဲ့ ရူးသွပ်တဲ့ သဘောထားကို ပြသလိုက်တာလည်း ဖြစ်ပါတယ်။

အောင်ပွဲနီးလာလေ တိုက်ပွဲပြင်းလေဆိုတဲ့စကားလို အဆိုးဝါး၊ အဖေါက်ပြန်ဆုံး၊ အရက်စက်ဆုံးလုပ်ရပ်ဖြစ်တဲ့ ကျောင်းသားအတု၊ နိုင်ငံရေးအဖွဲ့အတု၊ လူပုဂ္ဂိုလ်အတု၊ ပြည်သူအယောင်ဆောင်တွေနဲ့ နေ့ခင်းကြောင်တောင်မှာ မြို့လယ်ခေါင်မှာ ရန်းရင်းဆန်ခတ်မှုတွေဖြစ်အောင်၊ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်အောင် လုပ်လာသလို၊ အောက်ခြေအာဏာပိုင်တွေကိုပါ လုပ်ပိုင်ခွင့်တွေပေးပြီး ဖမ်းဆီးမှု၊ ရိုက်နှက်သတ်ဖြတ်မှုတွေကို နေရာတော်တော်များများမှာ လုပ်လာတာ တွေ့ရပါတယ်။ ဘယ်လိုပဲ ဖက်ဆစ်ဆန်ဆန် ဖိနှိပ်မှုတွေကိုလုပ်နေပေမဲ့ ပြည်တွင်းလူထုတွေဟာ ကြောက်မသွားတဲ့အပြင် စစ်အုပ်စုအတွက် နိုင်ငံရေးအရ အကြပ်တည်းဆုံး၊ အနိမ့်ကျဆုံးအခြေအနေကို ပြည်တွင်းမှာ နိုင်ငံတကာမှာ အိမ်နီးနားချင်းနိုင်ငံတွေမှာပါ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါဟာလည်း မစုစုနွေးတို့လို၊ ဦးအုန်းသန်းတို့လို၊ ဦးမြင့်အေးတို့လို၊ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုတို့လို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် တိုင်းပြည်အေးချမ်းသာယာရေးအတွက် ကိုယ်ကျိုးစွန့် တိုက်ပွဲဝင်နေသူတွေနဲ့ ပြည်သူတွေရဲ့ နိုးကြားတက်ကြွမှုတွေက ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ ဒီနေ့ကာလမှာ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ နေရာပေါင်းစုံက စစ်အာဏာရှင်စနစ်နဲ့ စစ်အုပ်စုရဲ့ ဖိနှိပ်မှုမှန်သမျှကို နည်းလမ်းပေါင်းစုံနဲ့ ဆန့်ကျင်တိုက်ပွဲဝင်နေကြသလို၊ စစ်အုပ်စုရဲ့ လုပ်ရပ်မှန်သမျှဟာ လက်တစ်ဆုပ်စာ ဗိုလ်ချုပ်ကြီးများနဲ့ ဆွေမျိုးတစုကောင်းစားရေး ကိုယ်ကျိုးကိုပဲ ဦးစားပေးလုပ်နေလို့ လူထုရဲ့ ယုံကြည်မှု လုံးဝကင်းမဲ့နေချိန်ဖြစ်ပါတယ်။ စစ်အုပ်စုတွင်းမှာလည်း သူတို့ရဲ့အနာဂတ် မရေရာမသေချာမှုတွေကြောင့် တစ်ဦးပေါ် တစ်ဦး မယုံကြည်မှုတွေ များနေပါတယ်၊ သူတို့ အနာဂတ်မျှော်လင့်ချက်ဖြစ်တဲ့ လမ်းပြမြေပုံဆိုတာကလည်း ပထမအဆင့်ဖြစ်တဲ့ အတုအယောင် အမျိုးသားညီလာခံဆိုတာကြီးကိုတောင် ဘယ်လို၊ ဘယ်အချိန် အဆုံးသတ်ရမှန်းမသိ ဖြစ်နေပါတယ်။

လူမျိုးပေါင်းစုံပြည်သူတွေရဲ့ဆန္ဒနဲ့ နိုင်ငံတကာပြည်သူများရဲ့ ဆန္ဒအရ တိုင်းပြည်မှာ လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အထွေထွေအကျပ်အတည်းတွေကို ဖြေရှင်းနိုင်ဖို့အတွက် နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ရန်၊ တွေ့ဆုံဆွေးနွေးရေးစားပွဲပေါ်ကို အင်အားစုအားလုံး လွှယ်ကူချောမွေ့စွာ ပူးပေါင်းပါဝင်လာစေရန် ပထမခြေလှမ်းအဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးအကျဉ်းသားများ အားလုံးကို ချွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန် လိုအပ်ပါတယ်။ အဓိကကျလှသည့် ပထမခြေလှမ်းကို အစပြုနိုင်ရန်အတွက် တိုင်းပြည်တွင်းရှိ ရဟန်းသံဃာများ၊ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်ကြီးများ၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီ အင်အားစုများနှင့် လူမျိုးပေါင်းစုံ ပြည်သူများမှ နအဖစစ်အုပ်စုကို ဝိုင်းဝန်း ဖိအားပေး တောင်းဆိုတိုက်ပွဲဝင်ကြရမှာ ဖြစ်ပါတယ်။

■ ■ ■ ■

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်–**

**(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊**

**(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်းဆက်စပ်လုပ် ဆောင်မှုများ ဆောင်ရွက်သွားရန်၊**

**(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊**

**(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊**

# အက်ဖ်ဒီဘီ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုသတင်းများ

## လိင်ကွဲပြားမှုအပေါ် အခြေခံသည့် အမြင်သဘောထား အလုပ်ရုံဆွေးနွေးပွဲကျင်းပ



မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)မှ ဦးဆောင်ကျင်းပသည့် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အမြင်သဘောထားနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ (Gender Workshop) တစ်ခုကို မေလ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့ထိ လေးရက်ကြာပြုလုပ်ခဲ့ပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲကို International Women Partnership မှ Ms. Ouporn နှင့် Ms. Genger တို့မှ ဦးဆောင်ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များမှ အမျိုးသား၊ အမျိုးသမီး ကိုယ်စားလှယ်(၂၁)ဦးတို့ တက်ရောက်၍ အပြန်အလှန်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

လိင်ကွဲပြားမှုနှင့် အခွင့်အာဏာဆက်စပ်မှု (Gender and Power Relationship) ဆိုသည့် အကြောင်းအရာကို အဓိက ဆွေးနွေးဖလှယ်ခဲ့ကြသလို လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်တွင် လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ အမြင်သဘောထား သတ်မှတ်ပြဌာန်းမှု၊ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ ဓလေ့ထုံးတမ်းဆိုင်ရာ၊ ဥပဒေဆိုင်ရာ သတ်မှတ်ပြဌာန်းမှုများနှင့် လူ့အဖွဲ့အစည်း၏ ကုန်ထုတ်လုပ်မှုဆိုင်ရာ အလုပ်တာဝန်ခွဲဝေမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝများတွင် လိင်ကွဲပြားမှုပေါ် မူတည်၍ ဖြစ်တည်လာသည့် အခွင့်အာဏာခွဲဝေမှုများနှင့် ဆိုင်သည့် အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာ လူ့အဖွဲ့အစည်းများတွင် ရှေ့ရောက်လာသည့် Gender issue/ Women issue များကို ခေတ်နောက်ကျနေသည့် ဒီမိုကရေစီမဖွံ့ဖြိုးသေးသည့် မြန်မာနိုင်ငံလူ့အဖွဲ့အစည်း၏ လူမှုလက်တွေ့ဘဝ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့် မည်သို့ မှန်မှန်ကန်ကန် ပေါင်းစပ်ကြရမည်ကိုလည်း ဆွေးနွေးခဲ့ကြသည်။

XXXXXXX

## ၁၇ နှစ်မြောက် ရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ စကားဝိုင်းပြုလုပ်



၁၇ နှစ်မြောက် ရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ စကားဝိုင်းကို ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့ရုံးတွင် ၂၀၀၇ ခုနှစ် မေလ ၂၄ ရက်နေ့က ပူးတွဲလှုပ်ရှားမှုကော်မတီ (JAC) မှ ဦးဆောင်ကျင်းပခဲ့သည်။

ထိုစကားဝိုင်းအခမ်းအနားသို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးငွေလင်း၊ MPU ဥက္ကဌ ဦးပီတာလင်းပင် (ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်အမတ်)၊ NLD(LA) မှ ကိုထွန်းအောင်ကျော်၊ မြန်မာနိုင်ငံကျောင်းသားလူငယ်ကွန်ဂရက် (SYCB) မှ တာဝန်ရှိအမျိုးသမီးများနှင့် အလုပ်သမားများ တက်ရောက်ခဲ့ကြသည်။

စကားဝိုင်းတွင် FDB မှ ဦးငွေလင်းက "ရွေးကောက်ပွဲရလဒ်သည် ပြည်သူလူထုအပိုင်ဖြစ်ကြောင်း၊ ထိုရွေးကောက်ပွဲရလဒ်ကို ပြည်သူလူထုကယခုအချိန်အထိ မခံစားရသေးကြောင်း၊ ထိုရွေးကောက်ပွဲရလဒ်ကို ပြည်သူလူထုကိုယ်တိုင်က တောင်းဆိုတိုက်ပွဲဝင်ရမှာ ဖြစ်ကြောင်း၊ ၉၀ ရွေးကောက်ပွဲအသိစိတ်ဓါတ်ကို ပြည်သူလူထုကိုယ်တိုင် နက်နက်ရှိုင်းရှိုင်းရရှိအောင် ယခုလိုစကားဝိုင်းကို ပြုလုပ်ရခြင်းဖြစ်ကြောင်း" တို့ကို ပြောကြားခဲ့သည်။

ထိုစကားဝိုင်းသို့ လူပေါင်း ၆၀ ကျော်ခန့် စိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။

XXXXXXX

# ၁၇ နှစ်မြောက် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကျင်းပ



၂၀၀၇ ခုနှစ် မေလ (၂၇)ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ခန်းမ၌ ရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတခု ပြုလုပ်ခဲ့ကြသည်။

၎င်းအခမ်းအနားကို (MPU, NLD-LA, SYCB နှင့် FDB) တို့မှ ကမကထပြုသော ပူးတွဲလုပ်ငန်းကော်မတီ (JAC)မှ ဦးဆောင်ကျင်းပခဲ့ကြခြင်း ဖြစ်သည်။ အခမ်းအနားတွင် (NCUB) ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးတာမလာဘောမှ "ကျနော်တို့ဟာ အတိုက်အခံတွေ မဟုတ်ဘူး။ ကျနော်တို့က တော်လှန်ရေးသမားတွေဖြစ်တယ်။ အာဏာရှင်နဲ့ ပတ်သက်ရင် သူတို့ဆီက တောင်းယူလို့မရဘူး။ သူတို့ကို ဖြုတ်ချယူမှ၊ တိုက်ပြီးယူမှ ရတယ်"ဟု အမှတ်တရစကား ပြောကြားပေးပြီး NLD-LA ဥက္ကဋ္ဌ ဦးတင်အောင်မှ ရွေးကောက်ပွဲမတိုင်ခင် နဝတဗိုလ်ချုပ်ကြီးများ၏ ပြောကြားခဲ့သော စကားများ၊ ပေးခဲ့သော ကတိများကို သူတို့ကိုယ်တိုင် ပစ်ပယ်ပြီး ရမ်းကားချင်တိုင်း ရမ်းကားလာနေကြောင်း ထောက်ပြသွားသည်။

ထို့နောက် ဖားဆောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစည(ပ)ဝင် စောတာရူတူးက တစည၏ ဖဟိုချုပ်ကိုင်မှု အလွန်အကျွံသုံးစွဲတာ၊ အထူးသဖြင့် ၂၀၀၄ ခုနှစ်မှာ ညောင်နှစ်ပင်မှာ အမျိုးသားညီလာခံ အတုအယောင်ကို ပြန်စလိုက်တာ စသည့်အချက်များကြောင့် လွတ်မြောက်နယ်မြေသို့ ထွက်ခွာလာခဲ့ကြောင်း၊ စစ်အစိုးရအနေနှင့် NLD အား အာဏာလွှဲပေးဖို့က လွဲရင် တခြားလုပ်စရာ မရှိဘူးဟု အခိုင်အမာ မြင်ကြောင်း၊ အားလုံးနှင့်အတူ ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်ကြောင်း ပြောဆိုတင်ပြသွားသည်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင် ကိုမောင်မောင်ကြီးမှ NCUB ၏ ထုတ်ပြန်ကြေညာချက်ကို ဖတ်ကြားပေးခဲ့ပြီး ထိုအခမ်းအနားသို့ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ (၁၂၀)ဦးခန့် တက်ရောက်ခဲ့ကြသည်။

XXXXXXX

# လားဟူလူငယ်များနှင့် ဖက်ဒရယ်ရေးရာအမြင်များ ဆွေးနွေး



၂၀၀၇ ခုနှစ် မေလ (၁၇)မှ (၂၁) ရက်နေ့အထိ ဖက်ဒရယ်ရေးရာ အသိအမြင် မြှင့်တင်ရေးသင်တန်းတခုကို လားဟူဒီမိုကရက်တစ်တပ်ဦး (LDF) ရုံးတွင်ပြုလုပ်ခဲ့သည်။

ထိုသင်တန်းကို လားဟူဒီမိုကရက်တစ်တပ်ဦးမှ ကမကထ ပြုစီစဉ်ပေးခြင်းဖြစ်ပြီး လားဟူလူငယ်များ၊ ချင်းလူငယ်များ၊ ကယန်းမျိုး ဆက်သစ်လူငယ်များ၊ ကေအဲန်ယူလူငယ်များ၊ ပအိုဝ့် လူငယ်များနှင့် NLD-LA မှ လူငယ်များ ပါဝင်တက်ရောက်ကြပါသည်။ သင်တန်းသို့ တက်ရောက်သူလူငယ် ၁၇ ဦးဖြစ်ပြီး သင်တန်းအား NCGUB ဖက်ဒရယ်ရေးရာကော်မတီမှ တာဝန်ယူပို့ချပေးခဲ့သည်ဟု သိရသည်။

ဖက်ဒရယ်ရေးရာကော်မတီဝင် (လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဝင် တွဲဘက်အထွေထွေအတွင်းရေးမှူး) ကိုငွေလင်းမှ ၁၇/၅/၂၀၀၇ နှင့် ၂၁/၅/၂၀၀၇ ရက်နေ့များတွင် တာဝန်ယူ ပို့ချဆွေးနွေးခဲ့ပါသည်။ ပို့ချဆွေးနွေးချက်များတွင် ...

'ဖက်ဒရယ်စိတ်ဓာတ် ဘာကြောင့်လိုသလဲ'

'မြန်မာနိုင်ငံဟာ ဘယ်လိုနိုင်ငံမျိုးလဲ'

'ပြည်တွင်းစစ်တွေ ဘာကြောင့် စတင်ဖြစ်ပေါ်ခဲ့ရတာလဲ'

'ပြည်တွင်းစစ်တွေ ဘာကြောင့် ဒီလောက် ရှည်ကြာနေရတာလဲ'

'ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်ကို တည်ဆောက်ဖို့ဆိုရင် နိုင်ငံသားတိုင်းမှာ အထူးသဖြင့် နိုင်ငံရေးအင်အားစုတွေမှာ ဘာတာဝန်ရှိသလဲ' စသည့် ခေါင်းစဉ်များဖြင့် တာဝန်ခံ၍ ဆွေးနွေးခဲ့သည်ဟု သိရှိရသည်။

XXXXXXX

# ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး လှုပ်ရှားမှုကော်မတီဖွဲ့စည်း




ပြည်တွင်းလှုပ်ရှားမှုများနှင့် ဟန်ချက်ညီလှုပ်ရှားသွားနိုင်ရန်အတွက် "ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး လှုပ်ရှားမှုကော်မတီ"ကို ၂၀၀၇ ခုနှစ် မေလ ၂၃ ရက်နေ့က ဖွဲ့စည်းခဲ့ကြသည်။

ထိုကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်–လွတ်မြောက်နယ်မြေ၊ မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရက်စီတပ်ပေါင်းစု၊ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၊ မြန်မာနိုင်ငံကျောင်းသား လူငယ်များကွန်ဂရက်၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု စသည့် တပ်ပေါင်းစုများဖြင့် ဖွဲ့စည်းခဲ့ကြပြီး အလုပ်သမားများအရေး ဆောင်ရွက်နေသူများနှင့် လုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ကြသည်။

ထိုကော်မတီသည် ရွှေ့ပြောင်းအလုပ်သမားများကြားတွင် စကားဝိုင်းများပြုလုပ်ခြင်း၊ ဘာသာပေါင်းစုံ ဆုတောင်းပွဲများ ပြုလုပ်ခြင်း၊ သွေးလှူခြင်း၊ အာဟာရကျွေးခြင်း၊ ဆန္ဒပြုလက်မှတ်များကောက်ခံခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သဘောထားကြေညာချက်များ ထုတ်ပြန်ခြင်း၊ အဝါရောင်ဖဲကြိုးရင်ထိုးများ ဖြန့်ဝေခြင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံနှင့် ကြွေးကြော်သံများ ဖြန့်ဝေခြင်း၊ ပိုစ်ကဒ်များကို လူထုကြားသို့ ဖြန့်ဝေပေးပြီး ၎င်းပိုစ့်ကဒ်ပေါ်တွင် အမှတ်တရစကားများရေးစေကာ သံရုံးများသို့ စုဆောင်းပေးပို့ခြင်း စသည်တို့ကို ပြုလုပ်သွားကြမည်ဖြစ်သည်။

လှုပ်ရှားမှုများကို မေ (၃၀)ရက်နေ့မှ စတင်၍ ဇွန် (၁၉)ရက်နေ့အထိ ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်ပြီး ဤလှုပ်ရှားမှုကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ကမကထပြုသည့် စကားဝိုင်းဖြင့် မေ (၃၀)ရက်နေ့ နေ့လည် (၁)နာရီတွင် စတင်ဖွင့်လှစ်ခဲ့ကြသည်ဟု သိရှိရသည်။

xxxxxxx

# ၁၁၇ ကြိမ်မြောက် နိုင်ငံတကာအလုပ်သမားနေ့(မေဒေးနေ့) အခမ်းအနားများ ကျင်းပ



၂၀၀၇ ခုနှစ်၊ မေလ (၁)ရက်နေ့ နံနက် (၉)နာရီတွင် ၁၁၇ ကြိမ်မြောက် နိုင်ငံတကာအလုပ်သမားနေ့ (မေဒေးနေ့) အခမ်းအနားကို ရောင်ခြည်ဦးအလုပ်သမားအဖွဲ့ရုံးဝင်း၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်၊ ထိုအခမ်းအနားသို့ ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းအလုပ်သမားများ၊ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ စုစုပေါင်း (၁၅၀)ဦးခန့် တက်ရောက်ကြသည်။

ရောင်ခြည်ဦး အလုပ်သမားအဖွဲ့တာဝန်ရှိသူ ကိုမင်းဦးမှ "မေဒေးနေ့ အမှတ်တရစကား"ကို ပြောကြားရင်း အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ဒုတိယအတွင်းရေးမှူးချုပ် ကိုငွေလင်းမှ "နဝတ/နအဖစစ်အုပ်စုမှ အာဏာသိမ်းယူအပြီး မြန်မာနိုင်ငံအလုပ်သမားများ၏ ဘဝနှင့် အခြေအနေ" ခေါင်းစဉ်ဖြင့် အမှတ်တရစကားပြောကြားရာတွင် "လူသားလုံခြုံမှု၊ ကိုယ်ရေးလုံခြုံမှု ကင်းမဲ့နေတဲ့ နေရာဆိုတာ သိလျှက်နှင့် ထိုင်းနိုင်ငံအတွင်း ပဒေသာပင် ပေါက်နေသလို နေ့စဉ် ကားနှင့် တမျိုး၊ တောလမ်းတောင်ကျော်တမျိုး အတင်းထွက်လာနေကြကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံက တရားမဝင်လာရောက်သူများ ထိုင်းနိုင်ငံအတွင်း နှစ်သန်းခွဲခန့် ရှိသွားပြီဖြစ်ကြောင်း၊ အစိုးမရတဲ့ ဒေသဆီကို နေ့စဉ် မြန်မာနိုင်ငံသားတွေ တရားမဝင် စွန့်စွန့်စားစား ခိုးဝင်အောင်တွန်းပို့ပေးနေသည့် တရားခံကို ရှာရန်လိုကြောင်း" စသဖြင့် ပြောကြားခဲ့သည်။

ကဗျာဆရာ မောင်စိုးချိန်မှ "မေဒေးနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း"၊ မကဒတကျောင်းသားတပ်မတော်မှ ဦးမောင်မောင်တိတ်က "၁၉၇၄–၇၅ မေ၊ ဇွန် အလုပ်သမားတိုက်ပွဲများ" စသည့် ခေါင်းစဉ်များဖြင့် အသီးသီးပြောကြားခဲ့ကြသည်။ အလားတူပင် မေဒေးနေ့အခမ်းအနားများကို BLSO အလုပ်သမားအဖွဲ့နှင့် JACBA အလုပ်သမားအဖွဲ့များကလည်း နေရာအသီးသီးခွဲ၍ ကျင်းပခဲ့ကြသည်။

xxxxxxx

# ရေဆန်ဆိုတာ စုန်ရတာထက်တော့ ခက်တယ်

ငြိမ်း

## (၁)

“ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိလွှတ်ပေးရမယ်။

ပြည်သူ့လွှတ်တော်ခေါ်ပေးရမယ်။

တွေ့ဆုံဆွေးနွေးရေး လုပ်ရမယ်။”

၂၀၀၇ ခုနှစ် မတ်လ (၁၁)ရက်နေ့က ထောင်ဝင်စာမှာ ထုတ်ဖော်ပြောကြားလိုက်တဲ့ ဆရာဦးဝင်းတင်ရဲ့ သဘောထားရပ်တည်ချက်တွေ ဖြစ်ပါတယ်။

မတ်လ (၁၂)ရက်နေ့မှာ ဆရာ့အသက် (၇၇)နှစ် တင်းတင်းပြည့်သွားပြီ။

အင်းစိန်အကျဉ်းထောင်ထဲမှာ နအဖစစ်အုပ်စုက ပုဒ်မတွေ တခုပြီးတခု ထပ်ထပ်တိုးပြီး ဆရာ့ကို ထောင်ထဲမှာ ထောင်တွေ ထပ်ထပ်ချလိုက်တာ ဆရာ့ရဲ့ထောင်ထဲနေသားသည်ပင်လျှင် (၁၈)နှစ် တင်းတင်းပြည့်လုနီးပါးဖြစ်သွားပြီ။

အသက်အရွယ်အရရော၊ ထောင်တွင်း ဖိနှိပ်မှုသဏ္ဍာန်မျိုးစုံအရရော ... ဆရာ့ကျန်းမာရေးအခြေအနေ တော်တော်ဆိုးနေပါပြီ။

စစ်အုပ်စုကတော့ ဆရာ့ကို ထောင်ထဲမှာ အသေသတ်ပစ်ချင်ပုံရပါတယ်။

စစ်အုပ်စုဟာ ဆရာ့ကို လူပုဂ္ဂိုလ်အနေနှင့်လည်း သတ်ပစ်ချင်နေပြီး...

ဆရာ့ရဲ့ နိုင်ငံရေးကိုလည်း သတ်ပစ်ဖို့ ကြိုးစားနေတာ အမှန်ပါ။

ဒါကြောင့်ပဲ စစ်အုပ်စုဟာ ...

ဆရာ့ကိုရော၊ ဆရာ့ရဲ့ နိုင်ငံရေးကိုပါ ကန့်သတ်ပိတ်ဆို့တားဆီးဖို့ တောက်လျှောက် အရှူးအမူး အားထုတ်ခဲ့တာပါ။

ဒါပေမယ့် စစ်အုပ်စုရဲ့ ဆန္ဒနဲ့ ပြောင်းပြန်ပဲ ...

ဆရာဟာ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့၊ အန်ဝင်ခွင်ကျဖြစ်တဲ့ အလုပ်ကြွေးကြော်သံနှင့် အလုပ်လမ်းညွှန်တွေကို သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကြားမှာ အမြဲထုတ်ပြန်လမ်းညွှန် ထောက်ပြနိုင်ခဲ့တယ်လို့ ကျနော်ဆိုချင်ပါတယ်။

## (၂)

၁၉၉၀ မေလ (၂၇)ရက်နေ့မှာ ကျနော်တို့ ရွေးကောက်ပွဲကို အပြတ်အသတ်နိုင်လိုက်တယ်။

ရွေးကောက်ပွဲပြီးလို့ (၂)လတိတိ ကြာတဲ့အခါမှာ ...

ရွေးကောက်ပွဲနိုင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ ဂန္ဒီဟောမှာ စုစည်းလိုက်ကြတယ်။

စစ်အုပ်စု မျက်လုံးမျက်ဆံပြူးသွားစေတဲ့ အကွက်ပါ။

ဂန္ဒီဟောထဲမှာက ... မြန်မာနိုင်ငံတနံတလျား မဲဆန္ဒနယ်ပေါင်းစုံက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ။

ဂန္ဒီဟောရဲ့ ဘေးဝဲယာမှာက ... အဲဒီကိုယ်စားလှယ်တွေကို ရွေးချယ်တင်မြှောက်ပြီး ယုံကြည်စွာ mandate ပေးလိုက်ကြတဲ့ ပြည်သူတွေ။

မြင်ကွင်းဟာ ကြက်သီးဖြန်းဖြန်းထလောက်တဲ့ မြင်ကွင်းပါ။

၁၉၈၆ ခုနှစ်က ဖိလစ်ပိုင် သမတရွေးကောက်ပွဲအပြီး သမတဟောင်း အာဏာရှင်မားကိုစ့်ဆီက နိုင်ငံတော်အာဏာကို ကိုရာဇန်အကွီနိုက လူထုအားနှင့် အရယူလိုက်နိုင်တဲ့ မြင်ကွင်းမျိုးပါ။

ဂန္ဒီဟောကို ဝန်းရံထားတဲ့ လူပင်လယ်ကြီးမှာ ...

မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေ၊

အဲဒီ မျှော်လင့်ချက်၊ ယုံကြည်ချက်တွေကြောင့် စီးကျလာတဲ့ မျက်ရည်တွေ၊ အံကြိတ်တက်ခေါက်သံတွေ။

ဒါပေမယ့် ဒီမှာ ကျနော်တို့ အဆင်သင့် မဖြစ်လိုက်ဘူး။

အခွင့်အခါကောင်းကို အမိအရ မဆုပ်ကိုင်လိုက်နိုင်ဘူး။

## (၃)

နှစ်ပေါင်းများစွာ စစ်အာဏာရှင်စနစ်အောက်မှာ၊ တပါတီအာဏာရှင်စနစ်အောက်မှာ နိုင်ငံရေး ဖြတ်တောက်ခံထားရတာရဲ့ အကျိုးဆက်ပဲလို့ ကျနော် ကောက်ချက်ချမိတယ်။

အစိုးရဖွဲ့ဖို့ အဆင်သင့် မဖြစ်လိုက်နိုင်ပေမယ့် ...

“နောက်ရက်ပေါင်း (၆၀) အတွင်း စက်တင်ဘာလကုန် နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ခေါ်ပေးရန်”ဆိုတဲ့ ဂန္ဒီဟောကြေညာချက်ကိုတော့ အခိုင်အမာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ဒါဟာ အဲဒီကာလမှာ ပကတိတည်ရှိနေတဲ့၊ အမှန်တကယ်တည်ရှိနေတဲ့ မိမိအနေအထားရဲ့ စုစည်းဖော်ပြချက် ဖြစ်နိုင်ပါတယ်။

ဒီထက် မရနိုင်သေးဘူး။
ဒီထက် မရနိုင်ခဲ့ဘူး။

## (၄)

စစ်အုပ်စုအတွက်တော့ ‘ခုမှပဲ အလုံးကြီး ကျသွားတော့တယ်’ ဆိုတဲ့ အခွင့်အလန်း အသေအချာ ဖြစ်သွားပါတယ်။

သူ့ရင်ထဲက အလုံးကြီးက “ဂန္ဓိဟောမှာ လွှတ်တော်ခေါ်လိုက်မှာ လေလား”၊ “ဂန္ဓိဟောမှာ အစိုးရဖွဲ့လိုက်မှာလေလား”ဆိုတဲ့ အလုံးကြီးပါ။

နဝတဥက္ကဌ ဗိုလ်ချုပ်မှူးကြီး စောမောင်ကိုယ်တိုင်က ‘ရွေးကောက်ပွဲက Free and Fair ဖြစ်ပါတယ်လို့ ရွေးကောက်ပွဲမှာ မဲထည့်ရင်း ပြောထားခဲ့တာပါ။

ဒီစကားက ... နိုင်ငံတကာနှင့် ပြည်တွင်းသတင်းထောက်တွေရဲ့ ရှေ့မှာ ... လူသိရှင်ကြား ထုတ်ပြောထားတဲ့ စကားပါ။

သူ့စကားနှင့်သူ ချိမိတုတ်မိ ဖြစ်နေတုန်း ...

အန်အယ်လ်ဒီက ဖြိုးဆို ဂန္ဓိဟော ကောက်ခေါ်လိုက်တော့ အသက်တောင် ဘယ်ကရှူရမှန်းမသိ ဖြစ်သွားရတဲ့ ကာလပါပဲ။

ဒါကြောင့်လည်း စစ်အုပ်စုဟာ ၁/၉၀ ဆိုတဲ့ အမိန့်ကြေညာချက်ကို ကမန်းကတန်းထုတ်ပြီး ကြိုးစား ကာ ပစ် ပစ်ကြည့်ခဲ့တဲ့ ကာလပါ။

၁/၉၀ ရဲ့ အနှစ်သဘောက

‘လွှတ်တော်ကို ကိုယ့်အစီအစဉ်နှင့်ကိုယ် မခေါ်ပါနှင့်၊ နဝတက ကမကထပြုပြီး ခေါ်ပေးပါမယ်’ဆိုတာပါ။

အဓိကရည်ရွယ်ရင်းကတော့ ဂန္ဓိဟောမှာ အစိုးရမဖွဲ့လိုက်ဖြစ်ဖို့ပါ။

ဂန္ဓိဟော မစခင်တရက်ကြိုပြီး ၁/၉၀ ကို ထုတ်လိုက်ပြီး ...

အဆုံးအဖြတ်အခန်းမှာရှိတဲ့ ခေါင်းဆောင် (policy maker) တချို့ရဲ့ တိကျမှုကို ဝေဝါးသွားစေဖို့ပဲ ဖြစ်ပါတယ်။

## (၅)

ထုံးစံအတိုင်းပါပဲ။

အန်အယ်လ်ဒီ ခေါင်းဆောင်တွေကြားမှာ ...

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကြားမှာ ...

ဘယ်သူ့ကို ဖမ်းရမယ်၊ ဘယ်သူ့ကို ခြောက်ထုတ်ပစ်ရမယ်။

ဘယ်သူ့ကို မွေးရမယ်၊ ဘယ်သူ့ကို ရောဂါဝင်အောင် လုပ်ရမယ်ဆိုတာတွေကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာပြီး ...

၁၉၉၀ လူဖမ်းပွဲနှင့် သူ့ရဲ့ ဗျူဟာမြောက် အော်ပရေးရှင်းကို ဒရကြမ်း စတင်လိုက်တော့တာပါပဲ။

ဒီလိုနဲ့ ကျနော်တို့ဘက်မှာ ယာယီအရေးနိမ့်မှုတခုဖြစ်ခဲ့ရတယ်။

ခြေလှမ်းတချို့ နောက်ဆုတ်ခဲ့ရတယ်။

အဲဒီ (၂)လ၊ (၃)လအတွင်းမှာကိုပဲ ... စစ်အုပ်စုရဲ့ ဥပဒေမဲ့ လုပ်ရပ်တွေနှင့် မုယာမာယာတွေအောက်မှာ ကျနော်တို့ ဘက်မှာ တကယ့်ကို အပြုံပြုံအလဲလဲ။

တချို့ ထောင်ထဲရောက်။

တချို့ တောထဲရောက်။

တချို့ ရှောင်ကြ၊ ရှားကြ။ တချို့ ဖြူကြ၊ ဖျော့ကြ။

စစ်အုပ်စုဟာ ဆရာ့ကို
လူပုဂ္ဂိုလ်အနေနှင့်လည်း
သတ်ပစ်ချင်နေပြီ။
ဆရာ့ရဲ့ နိုင်ငံရေးကိုလည်း
သတ်ပစ်ဖို့
ကြိုးစားနေတာ အမှန်ပါ။
ဒါကြောင့်ပဲ စစ်အုပ်စုဟာ ...
ဆရာ့ကိုရော၊ ဆရာ့ရဲ့
နိုင်ငံရေးကိုပါ
ကန့်သတ်ပိတ်ဆို့တားဆီးဖို့
တောက်လျှောက် အရှုးအမူး
အားထုတ်ခဲ့တာပါ။

လွန်ခဲ့တဲ့ (၂)လ၊ (၃)လက တိကျပြတ်ထင်နေတဲ့ မျဉ်းကြောင်းတချို့ဆိုလည်း ဝေဝါးဖျော့တော့ အရောင်ပျယ်သွားကြ။

## (၆)

စစ်အုပ်စုဟာ (၂)နှစ်လောက် နားလိုက်ရတော့ အတော်လေး အမောစေ့သွားပုံရတယ်။

စစ်အုပ်စုဟာ အဲဒီလို အရှိန်လေးရလာတယ်ဆိုရင်ပဲ ... ဗိုလ်စောမောင်နေရာမှာ ဗိုလ်သန်းရွှေကို အစားထိုးပြီး ၁၁/၉၂ ကို ထုတ်ပြန်လိုက်ပါတယ်။

လွန်ခဲ့တဲ့ (၂)နှစ်က သူကိုယ်တိုင် ကြောက်အားလန့်အား ကမန်းကတမ်း ထုတ်ထားတဲ့ ၁/၉၀ ကို သူကိုယ်တိုင် ဆုတ်ဖြဲပစ်လိုက်တယ်။

၁၁/၉၂ ရဲ့ အနှစ်ဟာ ...

“ဘာလွှတ်တော်မှ ခေါ်ပေးစရာ မလိုဘူး၊

ခေါ်လဲ မပေးဘူး၊

အခု ပြည်သူ့လွှတ်တော်အမတ်တွေက သူလုပ်ပေးမယ့် အမျိုးသားညီလာခံဆိုတာကို တက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူတွေကို ဆွဲကြ။

ခင်ဗျားတို့ရဲ့ ပိုင်ခွင့်က ဒါပဲ၊

လွှတ်တော်တွေ၊ ဘာတွေ ဘာမှ လာပြောမနေနှင့်တော့”ဆိုတာပဲ။

အဲဒီလို သူက တဆင့်တိုးပြီး ထိုးစစ်ဆင်လာတဲ့အခါ ကျနော်တို့ ဘာလုပ်ခဲ့ကြသလဲ။

## (၇)

အဲဒီကာလဟာ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားအများဆုံးကာလ ဖြစ်တယ်လို့ ကျနော် မှတ်မိနေတယ်။

ဒီမှာ အင်အားစုတွေ စဉ်းစားကြရပြီ၊

တောင့်ခံမလား၊ မျှောလိုက်မလား။

ဘာပဲပြောပြော ဒါတွေကို ဆုံးဖြတ်ဖို့၊ ၁၁/၉၂ ကို လက်ခံမလား၊ လက်မခံဘူးလားဆိုတာ ဆုံးဖြတ်ဖို့ဆိုရင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ ပြန်လွှတ်ရေးဟာ ပထမဆုံး လုပ်ရမယ့် အလုပ်ဖြစ်လိမ့်မယ်။

ဒါဟာ သေချာပေါက်ပဲ၊ ကျနော်တော့ ဒီလိုပဲမြင်တယ်။

တိုင်းပြည်ကို ရိုးရိုးသားသား ချစ်ကြတယ်ဆိုရင် ဒါကို ပထမဆုံးကိုပဲ ဆုံးဖြတ်ချက်ရှိရှိ လုပ်ရပါလိမ့်မယ်။

ဒါကြောင့်ပဲ ...

ဆရာဦးဝင်းတင်ဟာ အကျဉ်းထောင်ထဲက ရဲဘော်များ ကြား၊ ခေါင်းဆောင်များ ကြား ... အပြင်က ရဲဘော်များ ကြား၊ ခေါင်းဆောင်များကြားကို အလုပ်ကြွေးကြော်သံ (သို့မဟုတ်) လုပ်ငန်းလမ်းညွှန်ကို အခုလိုပြတ်ပြတ်သားသားပဲ တင်ပြလိုက်ပါတယ်။

"အခု ကျနော်တို့ လုပ်ရမယ့် အလုပ်ဟာ ...

စစ်အုပ်စု ပြောတဲ့ ၁၁/၉၂ လမ်းကြောင်း မဟုတ်ဘူး။

ကျနော်တို့ တကယ်လုပ်ရမယ့် အလုပ်ဟာ ... 'စု၊ လွှတ်၊ ပြန်၊ တွေ့'

ဒါမှမဟုတ် 'စု၊ တွေ့၊ ပြန်၊ လွှတ်' ဖြစ်တယ်။"

## (၈)

အကျယ်က ဒီလိုပါ။

ကျနော်တို့ဟာ 'ဆန်စင်ရာ ကျည်ပွေ့လိုက်' ဆိုတာလို စစ်အုပ်စုရွှေ့တဲ့အကွက်တွေကို နောက်ယောင်ခံလိုက်ပြီး ဘာမှ သူ့အလိုကျ ရွှေ့ပေးနေစရာမလိုဘူး။

ကိုယ်ဟာ လူထုရဲ့ ယုံကြည်စွာ အပ်နှံထားတဲ့ mandate ရပါတီ ဖြစ်တယ်။

လူထုကိုယ်စားလှယ် ဖြစ်တယ်။

လူထုနှင့်အတူ၊ လူထုဝန်းရံထောက်ခံမှုနှင့်အတူ ရည်တည်နေတဲ့ ပါတီဖြစ်တယ်။

ဒါကြောင့် ကိုယ်ကိုယ်တိုင်က လမ်းကြောင်းချမှတ်ခွင့်ရှိတယ်။

ဒီအခွင့်အလန်းကိုလည်း လူထုကို အတိအကျ ချပြပြီး လူထုနှင့်အတူ ဆောင်ရွက်ရလိမ့်မယ်။

ပထမဆုံးလုပ်ရမှာက ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပါ။

ဒုတိယ ... ပြည်သူ့လွှတ်တော် အမြန်ခေါ်ပါ။

တတိယ ... အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ရင်း

စတုတ္ထ ... နိုင်ငံရေးအရ တန်းတူရည်တူ တွေ့ဆုံဆွေးနွေး အဖြေရှာပါ။

ဒါက တနည်း။

နောက်တနည်းက ...

ပထမစပြီးလုပ်ရမှာက ... ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ရေးပဲ၊

ဒုတိယက ... တွေ့ဆုံဆွေးနွေး၊

တတိယ ... အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ ဆောင်ရွက်၊

နောက်ဆုံးမှာမှ ... ပြည်သူ့လွှတ်တော် ခေါ်ယူ။

လုပ်ငန်းစဉ်တိုင်းဟာ ရှင်းလင်းတယ်၊ ထင်သာမြင်သာရှိတယ် ပြီးတော့ တိကျခိုင်မာတယ်။

## (၉)

ဘယ်လမ်းကြောင်းကိုပဲ ရွေးရွေး

'ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားတွေ ချွင်းချက်မရှိ လွှတ်ရေး' နှင့် စတင်ကြရမှာချည်းပဲ။

ဒါကို ဆရာဦးဝင်းတင်ဟာ ထောင်ထဲမှာ ၁၉၉၁ – ၁၉၉၂ ကတည်းက စိုက်လိုက်မတ်တပ် တောက်လျှောက် တင်ပြခဲ့တာ ဖြစ်ပါတယ်။

အခုထိလည်း သူ ဒါကိုပဲ ဆက်လက်ရပ်ခံတယ်။

ကျနော်တို့ရဲ့ ၁၉၉၂ ခုနှစ်က ၂၀၀၇ ခုနှစ်ကြား ခါးသည်းတဲ့ အတွေ့အကြုံတွေကို နိဂုံးချုပ်ကြည့်လိုက်တဲ့အခါမှာလည်း ဒီလမ်းညွှန်ဟာ လုံးဝကွက်တိ မှန်နေဆဲပဲ။

ကျနော်တို့နှင့်အတူ လူထုရှိနေတယ်လို့ ယုံရင် ...

ကျနော်တို့ဟာ စစ်အုပ်စု ပြောသမျှ၊ သူ လမ်းကြောင်းပေးသမျှ လိုက်လုပ်နေရမယ်ဆိုတာ လုံးလုံး မသင့်လျော်ဘူး။

လူထုနှင့် ကင်းကွာ၊ လူထုတန်ဖိုးလည်း နားမလည်၊ လူထုကိုလည်း မယုံကြည်၊ လူထုကိုယ်တိုင်ကလည်း ဘာတန်ဖိုးမှ အပေးမခံရသူတွေသာ စစ်အုပ်စုနှင့် အလိုက်သင့် အလျားသင့် ဟိုဟာလိုက်လုပ်ရမှာလိုလို ဒီဟာ လိုက်လုပ်ရမှာလိုလို ပြာရာခက်နေကြတာပါ။

လူထုကို ယုံကြည်တယ်ဆိုရင် ...

ကိုယ့်လမ်းကိုယ်ထွင်ပြီး ရဲရဲလျှောက်နိုင်ရလိမ့်မယ်။

"လူထုကို ချပြ၊ လူထုထောက်ခံမှုကို အရယူပြီး၊ လူထုနှင့်အတူ ချီတက်ဆောင်ရွက်ရေး" ဆိုတဲ့ အခြေခံတရားကို လက်မလွှတ်ဘူးဆိုရင် ...

ကျနော်တို့ကို ဘယ်သူမှ တားနိုင် ဆီးနိုင် ပိတ်ဆို့နိုင်မယ် မဟုတ်ဘူးလို့ ကျနော် ရဲရဲယုံကြည်တယ်။

ဖွန်မိုင်း
၁၄ ရက်၊ မေလ၊ ၂၀၀၇

XXXXXXX

# တည်ဆဲဥပဒေ၊ သူမ၏ရပ်တည်ချက်၊ ဘုရားတက်ဆုတောင်းခြင်း

ရိုးမမောင်

[ ၂၀၀၇ ခုနှစ်၊ မေလ ၁၇ ရက် ]

အဖွဲ့ချုပ်၏ အထူးကြေညာချက် (၅/၀၅/၀၇) တွင် ဒေါ်အောင်ဆန်းစုကြည်ကို အခုလို ဖမ်းဆီးထိန်းသိမ်းထားခြင်းမှာ "ဥပဒေနဲ့လည်းမညီ၊ တရားမျှတမှုလဲမရှိ"ဟု ဖော်ပြထားပါသည်။

လွန်ခဲ့သည့်မတ်လတွင်းကပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၇)တွင် သတင်းထောက်များက ဒေါ်အောင်ဆန်းစုကြည် ဘယ်တော့ပြန်လွှတ်ပေးမလဲကိစ္စကိုမေးမြန်းရာတွင်ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက "ထုတ်ပြန်ထားသည့်တားဆီးမိန့်နှင့်ပတ်သက်ပြီး ဆက်လက်ထားရှိမည်/မထားရှိမည်ဆိုသည်မှာ တည်ဆဲဥပဒေများနှင့် သူမ၏ ရပ်တည်ချက်နှင့် သာဆိုင်သည်" ဟု အဖြေပေးခဲ့သည်။

"တည်ဆဲဥပဒေ"ဆိုသည်မှာ (နအဖ)စစ်အစိုးရ၏လက်ထဲတွင်သာရှိသည်။ (နအဖ)စစ်အစိုးရ စိတ်ကြိုက်လုပ်နိုင်သည့် ဥပဒေဖြစ်သည်။ အစုလိုက်အပြုံလိုက်ဖမ်းနိုင်သလို၊ အစုလိုက်အပြုံလိုက်လွှတ်ပေးနိုင်သည်။ သူတို့ လွှတ်မပေးချင်သူကိုလည်း ဖမ်းချင်သလောက် ဖမ်းဆီးထားနိုင်သည်။ ဦးဝင်းတင်နှင့် ဒေါက်တာသန်းငြိမ်းတို့ကို ထိုသဘောထားနဲ့အညီ ဖမ်းထားခြင်းဖြစ်သည်။

"သူမ၏ရပ်တည်ချက်"ဆိုသည်ကို ဖြတ်သန်းခဲ့သည့် (၁၈)နှစ်တာကာလအတွင်း အဘယ်မျှကြံ့ခိုင်သည်ကို ကျွန်တော်တို့ သိထားပြီးဖြစ်သည်။ (နအဖ)စစ်အစိုးရလည်း ကောင်းကောင်းသိသည်။ ပိန်ညှိန့်ညှိန့်အမျိုးသမီးလေးကို ဟန်တလုံးပန်တလုံးနဲ့ စစ်ဗိုလ်ချုပ်ကြီးတွေ အကြောက်ကြီးကြောက်နေကြတာကိုကလည်း နိုင်ငံတကာကသိပါသည်။

အဖွဲ့ချုပ်အထူးကြေညာချက်တွင် "အမျိုးသားညီလာခံသို့ တက်ရောက်ရန်အထိပင် စီစဉ်ခဲ့ပြီးလည်း ဖြစ်ပါသည်။ ထို့နောက် ဤသဘောတူညီချက်များ ပျက်ပြယ်သွားခဲ့ပါသည်"ဟု ဖော်ပြပါရှိပါသည်။

ဤကိစ္စများသည် ဒီပဲယင်းအကြမ်းဖက်မှုအပြီး၊ လမ်းပြမြေပုံ (Roadmap)ကြေညာပြီးနောက်၊ ဗိုလ်ချုပ်ကြီး ခင်ညွန့် ဝန်ကြီးချုပ် ဖြစ်နေစဉ် ၂၀၀၃ ခုနှစ်၊ မေလနှင့် ၂၀၀၄ ခုနှစ်၊ မေလ ပတ်ဝန်းကျင်က ဖြစ်စဉ်ဖြစ်ရပ်များသာ ဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ အဖွဲ့ချုပ်က ၂၀၀၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့စွဲဖြင့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် အဖွဲ့ချုပ်မှ (နအဖ)စစ်အစိုးရထံ တောင်းဆိုချက် (၅) ချက် အဆိုပြုတင်ပြခဲ့ကြောင်းနှင့် ထိုကြေညာချက်အဆုံးပိုဒ်တွင် ဤသို့ ဖော်ပြထားသည်။

"ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဤအခြေအနေအရ အမျိုးသားညီလာခံတွင် ပါဝင်ခြင်းအားဖြင့် တိုင်းပြည်ကို အကျိုးပြုနိုင်မည်ဟု မယုံကြည်သောကြောင့် အမျိုးသားညီလာခံကို မတက်ရောက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။"

(နအဖ) စစ်အစိုးရ၏ ပြန်ကြားရေးဝန်ကြီးကလည်း ၂၀၀၁၊ ခုနှစ် ဒုတိယအကြိမ် တားဆီးမိန့်ထုတ်ပြန်ထားသည့် ကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်ကို "နိုင်ငံတော်အကြီးအကဲကိုယ်တိုင် (၄) ကြိမ်၊ ဝန်ကြီးတစ်ဦး ဦးဆောင်သည့်အဖွဲ့က အကြိမ် (၂၀) " တွေ့ဆုံခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ နှစ်ဦးနှစ်ဘက် ဘာတွေဆွေးနွေးကြသည်ကိုတော့ အသေးစိတ်ဖော်ပြခြင်းတော့မရှိပါ။

သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားတင်းမာမှုကြောင့်၊ ထိပ်တိုက်ရင်ဆိုင်လိုသည့် သဘောထားကြောင့် ပျက်ပြားသွားရလေဟန် သရုပ်ဖျက်၍ တစ်ဖက်သတ်စွပ်စွဲ ရေးသားနေသည်များကို သတင်းစာဂျာနယ်များတွင် ဖတ်နေရပါသည်။

ထို "(၄)ကြိမ်၊ အကြိမ် (၂၀)ကိစ္စ"ကို တိုင်းပြည်နှင့် ပြည်သူလူထုက အဖြစ်မှန်အတိုင်း သိရှိ၊ စဉ်းစား၊ ဆုံးဖြတ်နိုင်ရန် အဖွဲ့ချုပ်က ရှင်းလင်းတင်ပြသင့်ပါသည်။

ရှင်းလင်းတင်ပြရန် အချိန်တန်ပါပြီ။

ယခုတော့ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး ဘုရားတက်ဆုတောင်းကြသူ မစုစုနွေးနဲ့ အဖွဲ့ချုပ်လူငယ်များကို (နအဖ)စစ်အစိုးရ အာဏာပိုင်များက ဖမ်းသွားကြပြီ။

တည်ဆဲဥပဒေ၊ သူမ၏ရပ်တည်ချက်၊ ဘုရားတက်ဆုတောင်းခြင်းတို့ သုံးပွင့်ဆိုင်နေကြပြီဟု ပြောပါရစေ။

XXXXXXX

# ကိုယ့်အားကိုယ်ကိုးပြီး တိုက်ပွဲဝင်ကြစို့

ဗညြ

ဒီပဲယင်းအရေးအခင်းလွန်ပြီး လေးနှစ်တိတိကြာတဲ့အခါမှာ ဗမာပြည်နိုင်ငံရေးအခြေအနေကို ပြန်ကြည့်လိုက်တော့ ဒီပဲယင်း အငယ်စားလေးတွေ နေရာတကာမှာ အကြိမ်ကြိမ်ပေါ်ပေါက်နေတာကို တွေ့ရပါတော့တယ်။

ဒီပဲယင်းတုန်းက ကျူးလွန်သူများဟာ လွတ်လွတ်လပ်လပ် ဆက်ရမ်းကားနေကြပြီး၊ အကျူးလွန်ခံရသူတွေဟာ ထောင်ထဲ၊ အိမ်ချုပ်ထဲက မထွက်နိုင်သေးဘူး။

နိုင်ငံအတွက်တော့ ရင်လေးစရာပဲ။ အခြေအနေဟာ ၁၉၄၈ခုနှစ်၊ လွတ်လပ်ရေးရပြီးကာစကို ပြန်ပြီးသတိရစေတယ်။ အဲဒီတုန်းက အာဏာရကာစ ဖဆပလအဖွဲ့ထဲမှာ ဆိုရှယ်လစ်ပါတီက အင်အားစုတွေဟာ ငါတို့တလျှောက်လုံး ခေါင်းငုံ့နေရတယ်၊ အခုမှ ငါတို့ အလှည့်ရောက်တယ်ဆိုပြီး လက်စားချေတာတွေလုပ်ကြတယ်။ ဝန်ကြီးချုပ်ကို ဘေးချိတ်ပြီး ကျန်တဲ့ဝန်ကြီးကစီစဉ်တဲ့ ပုံနှိပ်စက်တွေ၊ သတင်းစာတိုက်တွေကို လူရမ်းကားတွေနဲ့ သွားရောက်ဖျက်ဆီးတာတွေလုပ်ကြတယ်။ နေ့ခင်းကြောင်တောင်ကြီး။ မြို့လယ်မှာ အဲဒီလိုလုပ်တော့ တောတွေကလည်း လိုက်လုပ်တော့တာပဲ။ ကိုယ်နဲ့နိုင်ငံရေးမတူသူတွေကို သတ်တာ၊ ရိုက်တာတွေ တော်တော် ခေတ်စားခဲ့တယ်။ အဲဒီနောက်တော့ အားလုံးသိတဲ့အတိုင်းပဲ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲတာ၊ ပြည်တွင်းစစ် ဖြစ်တာပဲ။

ဒီနေ့အခြေအနေကို သေချာပြန်ကြည့်ပါ။ ဒီပဲယင်းတုန်းက အကြမ်းဖက်မှုကို ထိပ်ဆုံးက ဦးစီး စီစဉ်ခဲ့တယ်။ အခုနောက်ပိုင်း ဒီပဲယင်း အသေးစားလေးတွေကျတော့ စီစဉ်ခွင့်၊ လုပ်ကိုင်ခွင့်တွေကို အောက်ခြေဆီအထိပေးပြီးဖြစ်ကြောင်း တွေ့နေရတယ်။ မြို့နယ်အာဏာပိုင်လောက်က စီစဉ်တဲ့ အကြမ်းဖက်မှုတွေတောင် တွေ့နေရပြီ။ နအဖဟာ အားလုံးကို ကြိုးဖြေလွှတ်ထားလိုက်ပြီလို့ ဆိုနိုင်တဲ့အခြေအနေပဲ။ ဒါ့အပြင် ကျားစွယ် တိုက်ပေးထားသေးတယ်။

တဖက်မှာကျတော့ လူထုတွေဟာ နည်းအမျိုးမျိုးနဲ့၊ အခွင့်အရေးရရင် ရသလို ဆန္ဒပြနေကြတယ်။ ဒါတင်မကခေါးသွေး နေတာတွေတောင် တွေ့လာနေရတယ်။ တလောက ရေဒီယိုမှာ မြေလပ်ပိုင်းက လူတယောက်က ကျုပ်တို့မြို့မှာတော့ ရမ်းတဲ့ကြံ့ဖွတ် မရှိဘူး၊ ရမ်းရဲရမ်းကြည့် မြို့က မခံဘူးလို့ ကြိမ်းတာကြားလိုက်ရတယ်။ အင်တာနက်ပေါ်မှာတော့ အထဲကလူတွေရဲ့စာ ဆိုတဲ့ တစောင်မှာ လက်နက်စွဲပြီး ပြန်သာချကြလို့ လှုံ့ဆော်နေတာတွေ့ရတယ်။ နောက်ပြီး အေအိုင်ဒီအက်စ်ရောဂါသည်၊ နှလုံးရောဂါသည်တွေက ဘဝကူးကောင်းအောင် နအဖဆန့်ကျင်ရေးတွေကို သေချင်လည်း သေပစေဆိုပြီး လုပ်နေကြတယ်။ ဒီလို အခြေအနေမျိုးကိုမှ တင်းမာတယ်လို့ မဆိုရင် ဘယ်လို အခြေအနေမျိုးကို တင်းမာတယ် ပြောတော့မှာလဲ။

၄၈ ခုနှစ်တုန်းကလို ကမ္ဘာစစ်အကြွင်းအကျန် လက်နက်တွေ ဗလန့်ရှိနေလို့ကတော့ ပြည်မမှာ ပြည်တွင်းစစ်ထပ်ဖြစ်တာ ကြာရော့မယ်။ အဲဒီတုန်းက ဗိုလ်ကျရမ်းကားခဲ့တဲ့ ဖဆပလဟာ ၁၀ နှစ်တောင် မကြာဘူး၊ ဟက်တက်ကွဲခဲ့တယ်။

ဒီနေ့ဗမာပြည်ရဲ့အခြေအနေဟာ ကိုယ်ကျိုးမဖက်တဲ့အစိုးရတခု ဦးစီးမှုနဲ့၊ မှန်မှန်ကန်ကန်လမ်းစဉ်ချမှတ်ပြီး တနိုင်ငံလုံး ၁၀ နှစ်လောက် စည်းစည်းလုံးလုံး ကြိုးစားကြပါမှ အိမ်နီးနားချင်းများ အဆင့်မှီမှာပါ။ တိုင်းပြည်မှာ ပျက်စီးနေတာတွေက သိပ်များလွန်းပါတယ်။ လွယ်လွယ်နဲ့ပြင်လို့ မရတော့ပါဘူး။ အကျင့်ပျက်တာ၊ လာဘ်ယူလာဘ်စားကြတာ၊ ဗျူရိုကရေစီစနစ် ကျယ်ပြန့်ခိုင်ခံ့နေတာ၊ စည်းကမ်းမရှိသေတာ၊ လောင်းကစားနဲ့ ခဲ့ထီလိုဟာတွေကို

စွဲလန်းနေတာ စတဲ့ လူတွေရဲ့အပိုင်းသာမက လျှပ်စစ်လိုင်း၊ မော်တော်ကားလမ်း၊ မီးရထားလမ်း၊ ရေနုတ်မြောင်းစတဲ့ ရုပ်ဝတ္ထု အပိုင်းတွေအပေါ် ပြုပြင်တည်ဆောက်ရမှာတွေက များလွန်းလှတယ်။ လူတွေရဲ့စိတ်ပိုင်းကိုပါ ပြောင်းရမှာဆိုတော့ တနိုင်ငံလုံးက လူတွေကို အမျိုးသားရေး လှုပ်ရှားမှုကြီးတခုအသွင်နဲ့ လှုံ့ဆော်ဆင်နွှဲကြစေမှ အောင်မြင်တော့မယ့် အခြေအနေဖြစ်တယ်။ ဒီအလုပ်မျိုးကို စစ်ဗိုလ်ချုပ် တွေ မလုပ်နိုင်ဘူး၊ တတ်လည်း မတတ်ဘူး။ အဆိုးဆုံးက သူတို့လုပ်သမျှ ကိုယ်ကျိုးနဲ့ ဘယ်တော့မှ မကင်းဘူး။ ဒါကြောင့် သူတို့ပြောသမျှ လူထုက တခွန်းမှ မယုံဘူး။

တိုင်းပြည်မှာ ဒီလိုအမျိုးသားစည်းလုံးညီညွတ်မှုကြီးတခု လိုအပ်နေချိန်မှာ နအဖစစ်အစိုးရဟာ စစ်တပ်ကလွဲလို့ တခြားအင်အားစုမှန်သမျှကို ဖြိုခွဲဖို့ပဲလုံးပမ်းနေတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ လူထုကြီးနဲ့ သူတို့အကြားက ချောက်ကမ်းပါးကြီး ဟာ ကျယ်ဟသထက် ကျယ်ဟလာနေတယ်။ သူတို့လုပ်သမျှဟာ ပြည်ပအင်အားစုတွေ ဝင်ရောက်လာအောင် လက်ယပ် ခေါ်နေသလို ဖြစ်နေတယ်။ အဲဒါတွေဝင်လာလေ၊ တိုင်းပြည်ဟာ ပိုကွဲလေဖြစ်မှာကို မစဉ်းစားဘူး။ ဒီကြားထဲမှာ ‘အအ’က သီချင်းဆိုချင်၊ အကျိုးက ‘က’ချင်တယ် ဆိုတာလို တရုတ်နဲ့ ကုလားအကြား ကစားတာမျိုးက လုပ်ချင်သေးတယ်။ ဗိုလ်ချုပ်တွေ လုပ်စရာမရှိ ကျားမြီးဆွဲတမ်း ကစားနေကြတာသာဖြစ်တယ်။ ဒါပေမယ့် နာစရာရှိရင် သူတို့ချည်းနာမှာ မဟုတ်ဘူး။ တိုင်းပြည်ပါနာမှာ။ ဒါကြောင့် သူတို့ထင်သလို စစ်ဗိုလ်ရှစ်သောင်း ဇာတ်ခင်းနေတာကို လက်ပိုက် ကြည့်မနေသင့်တော့ဘူး။

၂၁ ရာစုရဲ့အစဟာ ၂၀ ရာစုရဲ့အစနဲ့မတူဘူး။ စကတည်းက ကမ္ဘာပေါ်မှာ ဗုံးသံ၊ အမြောက်သံတွေ တခြိမ်းခြိမ်းနဲ့စခဲ့ တာ။ ရေတပ်တွေဟာ တနေရာထဲမှာ နေတယ်လို့ကို မရှိဘူး။ အဲဒီစစ်သင်္ဘောတွေဟာ ကင်းလှည့်နေတာ မဟုတ်ဘူး။ စစ်အင်အား ပြနေကြတာ။ ဒါပေမဲ့ မှိုင်းမှိုင်းမြင် ယောက်ခမထန်းတောချည်း ထင်တယ်ဆိုတာလို အဲဒီဟာတွေကို ကိုယ့်အား လို့ တွက်ပြီး ဝမ်းသာနေလို့ကတော့ ရှစ်လေးလုံးကာလတုန်းက (၇)နံပတ် ရေတပ်မတော်ကြီးကို မျှော်တာထက် ပိုဆိုးမှာပဲ။

ပြည်တွင်းလုပ်ငန်းအခိကလို့ ပြောသံတွေ တော်တော်လေး ပြောလာကြလို့ အရှိန်လေးရကာစရှိသေး နိုင်ငံခြားသား တချို့ရဲ့ ပြောဆိုလှုပ်ရှားတာတွေကို ကြည့်ပြီး ပြည်ပမျှော်ဝါဒ ပြန်ခေါင်းထောင် ထလာချင်သလိုလို ဖြစ်နေတာတွေ့ရတယ်။ အဲဒီလို လူတွေကိုတော့ အထက်မှာ ပြောခဲ့တဲ့ နှလုံးရောဂါရှင်ကြီးတွေနဲ့ အေအိုင်ဒီအက်စ်ရောဂါရှင်တို့ကို အားနာပါအုန်းလို့ပဲ ပြောချင်တယ်။ အထဲက လူတွေက ကိုယ်မသေခင်လေးမှာ ကိုယ်ကျိုးစွန့်မှုလုပ်နေကြခိုက် မသေနိုင်တဲ့နေရာက လူတွေက ကိုယ်ကျိုးကို သူများအပေါ် ပုံတာပဲလုပ်နေကြလို့ မဖြစ်ဘူးထင်တယ်။

စစ်အာဏာရှင်ကို ဖြိုဖျက်ပြီးရင် အဲဒီကချန်ထားခဲ့တဲ့ အမွေဆိုးတွေကို ဖျက်သိမ်းပြီး တနိုင်ငံလုံးကို ပြန်လည်ပြုပြင် တည်ဆောက်ရမယ့် ရေရှည်လုပ်ငန်းတွေ အများကြီးရှိသေးတယ်ဆိုတာ အထက်မှာ တင်ပြခဲ့ပြီးပြီ။ အဲဒါလုပ်ငန်းတွေအတွက် ရော၊ ပြည်ပကိုပဲ မျှော်နေကြအုန်းမှာလား။

လွတ်လပ်ရေးရကာစက ဟံသာဝတီသတင်းစာမှာပါတဲ့ ဦးဗဂျမ်းရဲ့ ကာတွန်းလေးတခုကိုပဲ မှတ်မိနေတယ်။ အဲဒီမှာ သူ့အဓိက ဇာတ်ကောင် မောင်မြေဇာဟာ အရိုးပြိုင်းပြိုင်းနဲ့ ယောင်ချာချာ လမ်းလျှောက်လာတာကို အနောက်နိုင်ငံသားတွေ က အချင်းချင်း လက်တို့ပြီး ဒီလိုပြောနေကြတယ်။ “သတိထားနော်၊ မောင်ဗမာဆိုတာ သူပဲ၊ လူတွေ့ရင် အင်မတန် ချေးတတ်၊ ငှားတတ်တယ်”တဲ့။ ကမ္ဘာမှာ ဗမာအရှက်ကွဲနေတာကို ဦးဗဂျမ်းက သတိပေးတာပါ။

အခုလည်း ဒီမိုကရေစီဘက်တော်သားတွေ ကိုယ့်ကိုယ်ကို သတိပေးသင့်တယ်။

XXXXXXX


ယခင်အပတ်သတင်းလွှာများကို အောက်ပါအင်တာနက်စာမျက်နှာများတွင်
ရယူဖတ်ရှုနိုင်ပါသည်
www.abfsu.net
www.absdf8888.org
www.dpns.org
www.yoma3.org



Forum for Democracy in Burma

PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com
Website: http://www.democraticforumburma.org.

# တလတွင်း သတင်းမှတ်စု

## မြန်မာ

- ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးလှုပ်ရှားမှုကို ပြည်တွင်း နိုင်ငံရေးအင်အားစုများက ကြိုဆိုထောက်ခံလိုက်သည်။ (DVB 010507)
- အမေရိကန်စင်တာ၌ကျင်းပသည့် မေဒေးနေ့အခမ်းအနား တက်ရောက်သည့် အလုပ်သမား ၃၀ ကျော်ကို ပြန်အထွက်၌ ဖမ်းဆီးပြီး (၆) ဦးကို ယနေ့အထိ ပြန်လွှတ်မပေးသေးကြောင်း သိရသည်။ (DVB 020507)
- ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး တလတာလှုပ်ရှားမှု ယနေ့ စတင်သည်။ (DVB 010507)
- စက်ရုံအလုပ်ရုံအလုပ်သမားများအနေဖြင့် မိမိတို့ ရသင့်သည့်အခွင့်အရေးများကို ရဲရဲဝံ့ဝံ့တောင်းဆိုကြရန် အဲန်အယ်ဒီက ယနေ့ထုတ်ပြန်သည့် ကြေညာချက်တွင် တိုက်တွန်းလိုက်သည်။ (DVB 010507)
- နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်စိုးဝင်းသည် စင်္ကာပူတွင် ဆေးကုသခံပြီး ယနေ့ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိသည်။ (NEJ/ DVB 030507)
- အပစ်ရပ်ထားသော ကယန်းပြည်သစ်ပါတီ တွဲဘက်အတွင်းရေးမှူး ဦးစောလွင်အပါအဝင် ပါတီဝင်(၃)ဦးနှင့် အလုပ်သမား (၈)ဦးကို ပုဒ်မ ၁၉(စ)နှင့် ပုဒ်မ ၅(၁)၊ ၅(၃)တို့ဖြင့် ရမည်းသင်းခရိုင်တရားရုံးက ထောင်ဒဏ် (၁၀) နှစ်ချမှတ်လိုက် သည်။ (DVB 030507)
- ဒေါ်အောင်ဆန်းစုကြည်အား ဒေါက်တာတင်မျိုးဝင်းနှင့် မျက်စိအထူးကုဆရာဝန်တို့ သွားရောက်စစ်ဆေးခဲ့သည်။ (DVB 040507)
- မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လိုင်းဖုန်းငှားရမ်းတပ်ဆင်ခများကို ယခင်(၅)သိန်းမှ ပြီးခဲ့သည့် ဧပြီလမှစ၍ (၁၀)သိန်းအဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။ (NEJ 080507)
- (၉)တန်းကျောင်းသား မောင်ဇွန်သိန်းကို မြောက်ဥက္ကလာပရှိ စစ်သားစုဆောင်းရေးတပ်က ဧပြီလ (၂၃)ရက်က စစ်သားအဖြစ် စုဆောင်းခေါ်ယူသွားသည်။ (DVB 090507)
- လုပ်အားခ အပြည့်အဝမပေးသည့် ဦးပိုင်ကုမ္ပဏီလက်အောက်ခံ အင်အားထက်ကုမ္ပဏီကို အင်ဂျင်နီယာ ကိုကျော်မိုးလတ်နှင့် အလုပ်သမား (၁၀၀)ကျော်က ရန်ကုန် ILO ရုံးသို့ တိုင်ကြားရန်ပြင်ဆင်နေသည်။ (DVB 090507)
- စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာသည်အထိ ဆက်လက်တိုက်ပွဲဝင်မည်ဟု ယနေ့ကျင်းပသည့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)တည်ထောင်ခြင်း (၁၁)နှစ်မြောက် အခမ်းအနားမှ ပြောကြားလိုက်သည်။ (DVB 100507)
- နိုင်ငံရေးအကျဉ်းသားများကို အကူအညီပေးနေသည့် အဲန်အယ်ဒီ လူမှုအထောက်အကူပြုအဖွဲ့တွင် ရံပုံငွေနည်းပါးလာ၍ အခက်အခဲရှိနေကြောင်း ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်းက ယနေ့ ပြောဆိုသည်။ (DVB 100507)
- အိန္ဒိယဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆူရပ်ခ်ျမီထရာသည် ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးကို နေပြည်တော်တွင် ယမန်နေ့က သွားရောက်တွေ့ဆုံသည်။ (NEJ 110507)
- ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ဆုတောင်းပွဲ (၁၂)ရက်နေ့မြောက်အဖြစ် ရန်ကုန်ရွှေပြည်သာရှိ မြို့ဦးစေတီ၌ မစုစုနွေးအပါအဝင် အဖွဲ့ချုပ်လူငယ်များနှင့် ပြည်သူများက သွားရောက်ဆုတောင်းရာ အာဏာပိုင်များက ပိတ်ပင်တားဆီးခဲ့သည်။ (DVB 120507)
- သံဃာတော်များအနေဖြင့် ပြည်သူများ ဆင်းရဲဒုက္ခရောက်နေခြင်းကို မျက်ကွယ်မပြုဘဲ ကူညီဆောင်ရွက်ပေးရန် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) ခေါင်းဆောင် ဗိုလ်မှူးကြီးရွက်ဆစ်က မေတ္တာရပ်ခံတောင်းဆိုလိုက်သည်။ (DVB 130507)
- တန်ပြန်သပိတ်ဆန့်ကျင်ရေး လှုပ်ရှားမှုများလုပ်ရန် ကြံ့ဖွံ့နှင့် စွမ်းအားရှင်အဖွဲ့များကို ရန်ကုန်တိုင်းစစ်ဌာနချုပ်က ညွှန်ကြားထားသည်။ (DVB 130507)
- ဝန်ကြီးချုပ်ဗိုလ်စိုးဝင်းသည် ယမန်နေ့က စင်္ကာပူသို့ ဆေးကုသရန် ပြန်လည်သွားရောက်သည်။ (Irrawaddy 140507)
- ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အဲန်အယ်ဒီမှ ယခုလ (၁၀)ရက်နေ့က အထူးကြေညာချက်တစ်စောင် ထုတ်ပြန်ပေးပို့ခဲ့သည်။ (NEJ 140507)
- အမျိုးသားညီလာခံတက်ရန် ဒေါ်အောင်ဆန်းစုကြည်က သဘောတူညီထားပြီးမှ နအဖက လိုက်လျောရန် ပျက်ကွက်ခဲ့၍ နအဖနှင့် ပူးတွဲနိုင်ငံရေးရှေ့လုပ်ငန်းစဉ်များ ပျက်ပြယ်သွားခဲ့ရသည်ဟု အဖွဲ့ချုပ်က ယနေ့ ထုတ်ဖော်ပြောဆိုသည်။ (DVB 140507)
- ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံတွင် အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးမှုရှိနေ၍ အလုပ်သမားများ အလုပ်မဆင်းဘဲ ဆန္ဒပြနေကြသည်။ (DVB 140507)
- ယနေ့ လှိုင်သာယာမီးခွက်ဈေးမှ ရွှေတိဂုံဘုရားသို့ဆုတောင်းရန်သွားစဉ် လှိုင်သာယာမှ ဦးတင်ယုအပါအဝင် (၁၅)ဦး၊ အင်းစိန် အာလိန်ငါးဆင့်ဘုရားအနီးတွင် မစုစုနွေးအပါအဝင် (၂၈)ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည်၊ (NEJ/ Irrawaddy/ DVB 150507)
- မင်္ဂလာဒုံမြို့နယ် ကျိုက်ကလို့(လဲ့)ဘုရားတွင် ဝတ်ပြုဆုတောင်းပြီး ပြန်ဆင်းလာသော မင်္ဂလာဒုံ NLD လူငယ်အဖွဲ့ဝင် မခင်မြတ်သူနှင့် (၁၅)ဦးခန့်ကို လူတစ်စုက အကြမ်းဖက်ဖမ်းဆီးခဲ့ပြီး မွန်းလွဲ(၁၂)နာရီခန့်တွင် ပြန်လွှတ်ပေးခဲ့သည်။ (Irrawaddy/ NEJ/ DVB 160507)
- စစ်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမှန်တကယ်လိုချင်လျှင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရန် ၈၈မျိုးဆက်ကျောင်းသားများအဖွဲ့က ယနေ့ ကြေညာချက်ထုတ်ပြန်တောင်းဆိုသည်။ (DVB 160507)

- လူမှုရေးအသင်းအဖွဲ့ (၂၄)ဖွဲ့ကို မှတ်ပုံတင်သက်တမ်း တိုးမပေးတော့ကြောင်း ယနေ့ ပြည်ထဲရေးဝန်ကြီးဌာန အသင်းအဖွဲ့များ ကြီးကြပ်ရေးဗဟို အဖွဲ့အတွင်းရေးမှူး ဦးကျော်လင်း လက်မှတ်ထိုးသည့် အမိန့်စာများကို လက်ခံရရှိကြောင်း နာရေးကူညီမှုအသင်းနှင့် အခြားအသင်းအဖွဲ့များက ပြောသည်။ (DVB 160507)
- ဝတ်ပြုဆုတောင်းသူများအား ပြည်သူအမည်ခံ၍ တားဆီး၊ နှောက်ယှက်၊ အကြမ်းဖက်၊ ဖမ်းဆီးမှုများသည် ပြည်သူလူထုအား အလွဲသုံးစားလုပ်ခြင်းဖြစ်ကြောင်း ၈၈မျိုးဆက်ကျောင်းသားများအဖွဲ့က ယနေ့ ကြေညာချက်ထုတ်ပြန်သည်။ (NEJ/ DVB 170507)
- ကြံ့ဖွံ့အဖွဲ့မှ မရမ်းကုန်း၊ အင်းစိန်၊ သာကေတ၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ စည်ပင်သာယာ အဆောက်အအုံများတွင် "ဖြိုးစေတနာ" အမည်ဖြင့် အခမဲ့ဆေးကုခန်းများကို စတင်ဖွင့်လှစ်ကြောင်း သိရသည်။ (Irrawaddy 170507)
- ဝတ်ပြုဆုတောင်းသူများသည် ဘာသာရေးကို ခုတုံးလုပ်ပြီး ဆူပူမှုဖြစ်ရန်လုပ်နေသူများဟု ယနေ့ထုတ် သတင်းစာများတွင် ဖော်ပြသည်။ (RFA/ VOA 170507)
- အတွင်းရေးမှူး(၁) ဒု–ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ခေတ္တဝန်ကြီးချုပ်အဖြစ်စစ်အစိုးရသတင်းစာများတွင် ဖေါ်ပြထားသည်။ (NEJ/ DVB 180507)
- ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန်နှင့် ဝတ်ပြုဆုတောင်းသူများအပေါ် အကြမ်းဖက်နေမှုများအား တားမြစ်ပေးရန် နအဖဥက္ကဋ္ဌထံသို့ ဝါရင့်နိုင်ငံရေးသမားကြီးများက ယမန်နေ့တွင် စာ(၂)စောင် ရေးသားပေးပို့ခဲ့သည်။ (DVB 190507)
- ငြိမ်းချမ်းစွာဆုတောင်းသူများကို အာဏာပိုင်များနှင့် ပတ်သက်သူများက အကြမ်းဖက်ဖမ်းဆီးခြင်းသည် စစ်အစိုးရ၏အပြောနှင့် တခြားစီဖြစ်နေသည်ဟု CRPP အတွင်းရေးမှူး ဦးအေးသာအောင်က ပြောဆိုလိုက်သည်။ (DVB 190507)
- Free Aung San Suu Kyi တီရှပ်ဝတ်ဆင်ရေးလှုပ်ရှားမှုတစ်ခုကို အဲန်အယ်ဒီလူငယ်များက ဦးဆောင်ပြီး နံနက်ဖြန်မှစ၍ မေလ(၃၀)ထိ ပြုလုပ်သွားမည်။ (DVB 200507)
- လွတ်မြောက်ရေးဆုတောင်းပွဲကို ဦးဆောင်နေသည့် မဖြူဖြူသင်းကို ယခုည (၈း၃၀) နာရီခွဲခန့်တွင် လာရောက်ခေါ်ဆောင်သွားသည်။ (DVB 210507)
- ဒေါ်အောင်ဆန်းစုကြည်ပုံပါသည့် အင်္ကျီ၊ တံဆိပ်၊ ရင်ထိုး အမှတ်အသားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင်မြန်းပေးရန် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးဆုတောင်းသည့်အဖွဲ့က ယနေ့ မိဘပြည်သူများသို့ ပန်ကြားလွှာတစ်စောင် ထုတ်ပြန်လိုက်သည်။ (DVB 210507)
- ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဆုတောင်းပွဲများ ပြုလုပ်နေသည့်အပေါ် အဲန်အယ်ဒီက ယနေ့ ဂုဏ်ပြုလွှာတစ်စောင် ထုတ်ပြန်ပြီး ချီးကျူးလိုက်သည်။ (DVB 220507)
- နိုင်ငံခြားတွင် ဘဏ်ငွေစာရင်းဖွင့်ထားသည်ဟု သံသယရှိသည့် ကုမ္ပဏီကြီးများကို စုံစမ်းစစ်ဆေးနေပြီး PMG၊ Grand Royal၊ IBTC နှင့် Aung Aung Enterprise ကုမ္ပဏီများ၏ အကြီးအကဲများကို အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့က ခေါ်ယူထိန်းသိမ်းခဲ့သည်။ (RFA 220507)
- KNLA တပ်မဟာ (၆) ကျော့ပလောဒေသရှိ ဗဟိုအထူးတပ်ရင်း (၁၀၃)၏စခန်းရုံးအား နအဖ ခမရ(၂၀၁၊ ၂၀၂)နှင့် DKBA တပ်ရင်း(၉၀၇)တို့ ပူးပေါင်းကာ ယမန်နေ့ညနေက ဝင်ရောက်တိုက်ခိုက်သည်။ (NEJ 230507)
- ကိုကျော်သူ ဦးစီးဆောင်ရွက်နေသည့် နာရေးကူညီမှုအသင်းနှင့် သုခဆေးခန်းတို့၏ ပုံမှန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ (DVB 230507)
- ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်တို့ကို ဒုတိယဗိုလ်ချုပ်ကြီးများအဖြစ် ရာထူးတိုးမြှင့်ခန့်အပ်လိုက်သည်။ (DVB 230507)
- ထိန်းသိမ်းခံရသည့် နီပွန်တီဗွီသတင်းဌာနမှ သတင်းထောက် ဦးအောင်ရွှေဦးနှင့် ဒေါ်ဆင့်ဆင့်အောင်တို့နှစ်ဦး ယမန်နေ့က ပြန်လည်လွတ်လာသည်။ (NEJ 240507)
- (၂၇)ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးလှုပ်ရှားမှုကို အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်၍ ပြည်သူတစ်ရပ်လုံး ပါဝင်လက်တွဲကြရန် ဦးဆောင်လှုပ်ရှားသူများက ယနေ့ ကြေညာချက်ထုတ်ပြန်သည်။ (DVB 250507)
- ဒေါ်အောင်ဆန်းစုကြည်ကို ယနေ့ နေအိမ်အကျယ်ချုပ်သက်တမ်း ထပ်မံတိုးလိုက်သည်။ (DVB 250507)
- စီးပွါးရေးဒဏ်ခတ်အရေးယူထားသည့် ကိစ္စနှင့်ပတ်သက်၍ ၈၈မျိုးဆက်ကျောင်းသားများ (မြန်မာနိုင်ငံ) အဖွဲ့ခေါင်းဆောင် ကိုအေးလွင် ဦးဆောင်သည့်အဖွဲ့က ဟောပြောပွဲများပြုလုပ်နေသည်။ (DVB 250507)
- ယနေ့ ကျရောက်သည့် ရွေးကောက်ပွဲအထိမ်းအမှတ်ပွဲသို့ တက်ရောက်မည့် အရာတော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဗလအပါအဝင် အဲန်အယ်ဒီဝင် (၁၁)ဦးကို အာဏာပိုင်များက ဖမ်းဆီးခေါ်ဆောင်သွားသည်။ (DVB 270507)
- အဲန်အယ်ဒီတွင်ကျင်းပသည့် အခမ်းအနားအပြီး ၈၈မျိုးဆက်ကျောင်းသားများနှင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းသူများသည် ရွှေတိဂုံဘုရားသို့သွားစဉ် အာဏာပိုင်များနှင့် ကြံ့ဖွံ့များက နှောက်ယှက်ခဲ့သဖြင့် အဲန်အယ်ဒီရုံးရှေ့တွင် ပြန်၍ ဆုတောင်းပွဲပြုလုပ်ခဲ့ရသည်။ (DVB 270507)
- ယနေ့ကျရောက်သည့် ရွေးကောက်ပွဲအောင်ပွဲခံခဲ့ခြင်း (၁၇)နှစ်ပြည့် အခမ်းအနားကို အဲန်အယ်ဒီရုံးချုပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ (DVB 270507)

■ ■ ■ ■

## နိုင်ငံတကာ – မြန်မာ

- မြန်မာ့အရေးနှင့်ပတ်သက်၍ အီးယူနိုင်ငံများနှင့် အမေရိကန်အကြား အရာရှိအဆင့်ဆင့်တိုင်းတွင် အပြန်အလှန်ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်မည်ဟု အိမ်ဖြူတော်၏ ယမန်နေ့ အစီရင်ခံစာ၌ ဖော်ပြထားသည်။ (VOA 020507)
- အမေရိကန်နိုင်ငံ Free House အဖွဲ့မှ ထုတ်ပြန်သည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်မှုဆိုင်ရာ အစီရင်ခံစာတွင် မြန်မာနိုင်ငံအား စာနယ်ဇင်းလွတ်လပ်မှု ဒုတိယအဆိုးရွားဆုံးအဖြစ် ဖေါ်ပြထားသည်။ (NEJ 020507)
- အိန္ဒိယ–မြန်မာကုန်သွယ်ရေးမှာ ရည်မှန်းထားသည့် အမေရိကန်ဒေါ်လာ သန်း (၁၀၀၀) ပြည့်မှီနိုင်မည်မဟုတ်ဟု အိန္ဒိယ–မြန်မာကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ ဥက္ကဋ္ဌ ဂျီအယ်လ် ဂိုအင်ကာက ယခုလ(၃)ရက်နေ့က ပြောဆိုသည်။ (DVB 050507)
- စစ်အစိုးရနှင့် ညှိနှိုင်းမှုအဆင်မပြေသေး၍ ICRC၏ လုပ်ငန်းအတော်များများ ရပ်ဆိုင်းထားဆဲဖြစ်ကြောင်း ရန်ကုန် ICRC ရုံး အကြီးအကဲ သီယရီးဘောက်စ်က ပြောဆိုလိုက်သည်။ (DVB 080507)
- လုံခြုံရေးကောင်စီ ဆွေးနွေးမည့်အချက်ထဲတွင် မြန်မာ့အရေးသည် အရေးပါသည့် ကိစ္စတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေမည်ဟု အသစ်ခန့်အပ်လိုက်သည့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး Zalmay-Khalilzad က ပြောသည်။ (DVB 080507)
- ဒေါ်အောင်ဆန်းစုကြည်ကို (၄)နှစ်မပြည့်မီ ပြန်လွှတ်ပေးရန် ကုလလူ့အခွင့် အရေးအထူးကိုယ်စားလှယ် Paulo Sergio Pinheiro အပါအဝင် လူ့အခွင့်အရေးကျွမ်းကျင်သူ (၁၄)ဦးက ယနေ့ ကြေညာချက်ထုတ်ပြန်သည်။ (DVB 100507)
- အိန္ဒိယက စစ်အစိုးရကို ပင်လယ်ပြင်ကင်းလှည့်လေယာဉ် BN - 2 အိုင်းလန်းဒါးအမျိုးအစား အဟောင်း(၂)စီး ထပ်မံပေးအပ်ရန် သဘောတူခဲ့သည်။ (DVB 150507)
- မြန်မာနိုင်ငံ၌ နျူကလီယား သုတေသနဌာန တည်ထောင်ရန် မြန်မာနှင့်ရုရှားနိုင်ငံတို့ သဘောတူစာချုပ်ကို ယခုလ (၁၅) ရက်နေ့က လက်မှတ်ရေးထိုးကြောင်း ရုရှားအနုမြူစွမ်းအင်အေဂျင်စီ Rosatom က ကြေညာသည်။ (NEJ 160507)
- မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုသမိုင်းစာအုပ်ကို ယနေ့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးကော်မီတီ)က ထုတ်ဝေလိုက်သည်။ (DVB 160507)
- မြန်မာနိုင်ငံတွင် နျူကလီးယားစက်ရုံတည်ဆောက်မည့် ကိစ္စနှင့်ပတ်သက်၍ ယခုအချိန်ထိ အကြောင်းကြားခြင်း မရှိသေးကြောင်း IAEA အဖွဲ့၏ အမည်မဖေါ်လိုသူ အဆင့်မြင့်အရာရှိတစ်ဦးက ယနေ့ ထုတ်ဖေါ်ပြောဆိုသည်။ (DVB/ VOA 170507)
- မြန်မာနိုင်ငံအား စီးပွါးရေးပိတ်ဆို့ဒဏ်ခတ်အရေးယူမှု တစ်နှစ်သက်တမ်းထပ်တိုးရေး ဆက်လက်ဆောင်ရွက်ရန် သမ္မတ George Bush က လက်မှတ်ရေးထိုးကြောင်း သမ္မတအိမ်ဖြူတော်က ထုတ်ပြန်ကြေညာသည်။ (NEJ 180507)
- ကန်းနမ်း(၁)အမည်ရှိ မြောက်ကိုရီးယားသင်္ဘောသည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ယမန်နေ့က ဆိုက်ကပ်ခဲ့သည်။ (Irrawaddy / DVB 210507)
- ဖမ်းဆီးခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပေးရန် ဂျီနီဗာအခြေစိုက် ကုလသမဂ္ဂလူ့အခွင့်အရေးမဟာမင်းကြီး Louise Arbour က ယမန်နေ့တွင် ထုတ်ပြန်ကြေညာချက်ဖြင့် တောင်းဆိုလိုက်သည်။ (DVB 210507)
- ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပေးရန် စစ်အစိုးရကို တိုကျိုမြို့တွင်ပြုလုပ်သည့် ဂျပန်နှင့်အာဆီယံအမတ်များ ဆွေးနွေးပွဲအပြီး ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ တောင်းဆိုလိုက်သည်။ (DVB 210507)
- ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် တောင်းဆိုသည့်အခါတွင် အာဆီယံနိုင်ငံများအားလုံး တစည်းတလုံးတည်းရှိရန် လိုအပ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး SyedHamid Albar က ယနေ့ပြောသည်။ (DVB 210507)
- ကုလအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး မစ္စတာ Ibrahim Gambari ကို မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ဆက်လက်ခန့်ထားကြောင်း အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ယမန်နေ့က ကြေညာသည်။ (NEJ/ DVB 230507)

**(NDD) သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း –၂၀၀၇ ခုနှစ်၊ မေလမှ ထုတ်နုတ်ဖော်ပြသည်။ ■**

■ ■ ■ ■